Western Australia

auditor general's report

# ကြားကာလတွင်လမ်းစပျောက်ခြင်း။ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများအတွက်ပြည်နယ်၏ဝန်ဆောင်မှုများ။

## စာရင်းစစ်မင်းကြီး၏အမြင် နှင့် အနှစ်ချုပ်

Western Australian ပါလီမန်တွင် ၂၀၀၈ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် တင်သွင်းခဲ့သည့် ဆောင်ရွက်မှုစိစစ်ရေးအစီရင်ခံစာ မှထုတ်နှုတ်ထားသည့် ဘာသာပြန်ဆိုချက်တစ်ရပ်ဖြစ်သည်။ မူရင်းနှင့်အတတ်နိုင်ဆုံး ထပ်တူထပ်မျှ ဘာသာပြန်ဆိုချက်ဖြစ်ရန် စာရင်းစစ်မင်းကြီးရုံး အနေဖြင့် အစွမ်းကုန်ဆောင်ရွက် ခဲ့သည်။

Serving the Public Interest

Report 3
June 2008

This is a translation of extracts from the performance examination report tabled in the Parliament of Western Australian on 11 June 2008. The Office of the Auditor General has endeavoured to ensure it is as accurate a translation as possible of the original document.

## စာရင်းစစ်မင်းကြီး၏အမြင်

လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများသည်၊သေးငယ်သောအုပ်စုအဖွဲ့ဖြစ်ပြီး၊လုပ်ငန်းရုံးများအနေဖြင့်ကြီးမားသောလုပ်ငန်းများကိုအပြိုင်အဆိုင်ဦးစားပေး လုပ်ဆောင်နေသည့်ကြားတွင် ၎င်းတို့ကိုလစ်လျူရှုသွားမည့်အခြေအနေပေါ်ပေါက်နိုင်သည်။ ၎င်းတို့သည် ထိခိုက်လွယ်သော အုပ်စုလည်းဖြစ်သည့်အပြင်၊ရှုတ်ထွေးသောလိုအပ်ချက်များရှိသည်၊၎င်းတို့၏မလာရောက်မီအတွေ့အကြုံများနှင့်နေရေးထိုင်ရေးအခြေနေတို့၏ရောင်ပြန်ဟပ်မှုကြောင့်ဖြစ်သည်။

လုပ်ငန်းရုံးများအနေဖြင့်ထိရောက်သော ဝန်ဆောင်မှုများမပေးနိုင်လျှင်၊ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ အနေဖြင့်အခြေချ ထူထောင်ရေးပြဿနာများ ဆက်တိုက်ကြုံတွေ့နိုင်ဖွယ်ရာရှိပြီး၊ လူမှုရေးပြဿနာများခိုင်မာစွာအမြစ်တွယ်လာနိုင်ပါသည်။ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများအနေဖြင့်၊ထိရောက်သောကျန်းမာရေး၊အိမ်ရာနေရာချထားရေးနှင့်ပညာရေးဝန်ဆောင်မှုများကိုရရှိရန်မှာ၊ လူမှုရေးအရ၎င်း၊ စီးပွါးရေးအရ၎င်းအဆက်ပြတ်ပြီး၊ ရဲနှင့်တရားရေးဆိုင်ရာကိစ္စများ မကြာခနကြုံတွေ့သည်နှင့် လူမှုရေးထောက်ပံ့ကြေးဝန်ဆောင်မှုများအပေါ်အချိန်ကြာမြင့်စွာ မှီခိုနေရမည့်အချိန်အထိစောင့်ဆိုင်းနေရမည့်အစား၊ လက်ရှိအခြေနေတွင်ရရှိရန်မှာ လူထုတစ်ရပ်လုံးအတွက်ကောင်းမွန်ပါသည်။ လူထုတစ်ရပ်လုံး၏အကျိုးပြုအဖွဲ့ဝင်များဖြစ်လာနိုင်မည့်လမ်းကြောင်းတွင်၊ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ အနေဖြင့်ကြားကာလတွင်လမ်းစပျောက်မည့်အနေအထားကို ကျွန်ုပ်တို့အရောက်မ ခံနိုင်ပါ။

ဤသည်က လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများအနေဖြင့် အထူးအခွင့်အရေး ရရှိရမည်ဟုမဆိုလိုပါ။ ၎င်းတို့ကအခြား Western Australians များကဲ့သို့တူညီသော ဝန်ဆောင်မှုရယူရေးနှင့်အကျိုးရလာဒ်များကိုရရှိရမည်။ ဤသို့ဖြစ်နိုင်ရန်မှာ၊ လုပ်ငန်းရုံးများအနေဖြင့် လူသားချင်းစာနာထောက်ထား သောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ၏ လိုအပ်ချက်များနှင့်ကျွမ်းကျင်မှုများကို ထည့်တွက်ရန်လိုအပ်ကြောင်းနှင့် ၎င်းတို့ဘာလုပ်ဆောင်ကြောင်းနှင့်မည်ကဲ့သို့လုပ် ဆောင်ကြောင်းတို့ကိုပါ ဆီလျော်အောင်အကျွမ်းတဝင်ဖြစ်ရန်လိုသည်။

ထိရောက်သော ဝန်ဆောင်မှုပို့ချရေးမှာ၊ ဝန်ဆောင်မှုများကို အစဉ်တစိုက်စီမံဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်၊ အထူးသဖြင့် လက်ခံမည့်အုပ်စု၏ လက္ခဏာနှင့် လိုအပ်ချက်တို့ပြောင်းလဲသည်နှင့်အညီဖြစ်ရမည်။ ဤအစီရင်ခံစာသည်ဤသီးခြားကိစ္စကို အာရုံစိုက်ထားပါသည်။ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ သည် ဆယ်နှစ်သက်တန်းများကတည်းကလာရောက်နေသည်ဖြစ်သော်လည်း၊ လက်ရှိရောက်လာသူများ၏အတွေ့အကြုံများနှင့်လိုအပ်ချက်များမှာ ယခင်ရောက်လာသူများနှင့်မတူခြားနားပါသည်။

ကျွန်ုပ်ဖေါ်ပြနေသောပြဿနာများသည် ဝန်ဆောင်မှုများကိုရယူရာတွင် ဘာသာစကား စာတတ်မြောက်မှုနှင့်အခြား အခက်အခဲများတို့ကိုကြုံတွေ့နေရသည့် အခြားအုပ်စုများအပေါ် သက်ရောက်မှုများရှိပါလိမ့်မည်။ လုပ်ငန်းရုံးများအနေဖြင့် ဝန်ဆောင်မှုကိုကျယ်ကျယ်ပြန့်ပြန့်ပို့ချနိုင်သည့် ထုပြော်သောအစီစဉ်နည်းဗျူဟာ နှင့်စပ်လျဉ်းသည့် ဤအစီရင်ခံစာတွင်ပါသတင်းစကားကို စဉ်းစားကြပါရန်၊ ကျွန်ုပ်တိုက်တွန်းလိုပါသည်။

## အနှစ်ချုပ်

Western Australia သည်လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများအတွက် အခြေချရာနေရာအဖြစ်၊ နှစ်ပေါင်းများစွာ ပံ့ပိုးပေးလျက်ရှိသည်။ လက်ရှိရောက်လာသူများတွင်၊ ယခင်ရောက်လာသူများနှင့်မတူ ကွာခြားသည့် ရှုတ်ထွေးသော လိုအပ်ချက်များရှိပါသည်။ ထိုလိုအပ်ချက်များ မှာ ၄င်းတို့၏ မလာရောက်မီ နေထိုင်ခဲ့ရသည့်အခြေနေများ ကရောင်ပြန်ဟပ်နေပါသည်။ ၄င်းတို့သည် ရံဖန်ရံခါ အနိုပ်အစက်အညင်းအပန်းခံရပြီး ကိုယ်ပိုင်းစိတ်ပိုင်းဆိုင်ရာဒဏ်ရာများရရှိထားသည့်အပြင်၊ အခြေခံလိုအပ်ချက် များမရှိသည့် ဒုက္ခသည်စခန်းများတွင် အချိန်ကြာမြင့်စွာနေခဲ့ရသူများဖြစ်ပါသည်။

လူသားချင်းစာနာထောက်ထားသောအစီစဉ်ဖြင့်ဝင်ရောက်လာသူများ မည်ကဲ့သို့ လျှင်မြန်စွာနှင့်အောင်မြင်စွာ အခြေချနေထိုင်ရန်အတွက် များပြားသောအချက်များ ကလွှမ်းမိုးနိုင်သည်၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု၊ အရေးအဖတ်နှင့်အတွက်အချက်၊ ကျန်းမာရေးနှင့်၄င်းတို့ကိုရယူနိုင်သည့်အနေအထား တို့ပါဝင်နေပါသည်။ ဤအချက်များသည် လူသားချင်းစာနာထောက်ထားသောအစီစဉ်ဖြင့်ဝင်ရောက်လာသူများ၏ အိမ်ရာနှင့်အလုပ်အကိုင်ရရှိရေး၊ တရားဥပဒေ၊ ငွေကြေးနှင့်လူမှုရေးအ ထောက်အပံ့စနစ်တို့ကိုအသုံးပြုရေး၊ နှင့် Western Australia လူထုလူတန်းစားအတွင်းပါဝင်လာရေး၊ တို့ကိုဆောင်ရွက်နိုင်စွမ်းအပေါ်အကျိုးသက် ရောက်မှု များရှိသည်။

လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ ၏လိုအပ်ချက်များကို မဖြေရှင်းပေးနိုင်လျှင်၊ လူထုလူတန်းစားအတွင်း မပူးပေါင်း၊အကျိုးမပြုသည့် အလားအလာအန္တရာယ်ရှိပြီး၊ ၄င်းတို့၌ လူမှုရေးပြဿနာများ ပေါ်ပေါက်ခိုင်မြဲလာပါလိမ့်မည်။ ထိရောက်ပြီးရယူလက်ခံနိုင်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းမှာ လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ နှင့် လူထုလူတန်းစားတစ်ရပ်လုံးအတွက် အလွန်အရေးကြီးပါသည်။ တစ်ချိန်တည်းမှာပင်၊ လုပ်ငန်းရုံးများအနေဖြင့်၊ လူသားချင်းစာနာထောက်ထားသော အစီအစဉ်ဖြင့်ဝင်ရောက်လာသူများ၏ ရှုတ်ထွေးသည့်လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများရယူရာတွင် ၄င်းတို့ကြုံတွေ့နေရသည့်အခက်အခဲများ တို့ကိုအကျွမ်းတဝင်လုပ်ရာတွင်၊ လုပ်ငန်းရုံးများအတွက် ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ပါသည်။

## အဓိကတွေ့ရှိချက်များ

- လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ တွင်ရှုတ်ထွေးသောလိုအပ်ချက်များရှိသည်၊ ၄င်းတို့ကိုမဖြေရှင်းနိုင်လျှင် ပြည်နယ်နှင့်၄င်းတို့အတွက်၊ လူမှုရေးရာနှင့်စီးပွါးရေးရာ ကြီးလေးသောနောက်ဆက်တွဲများပေါ်ပေါက်နိုင်သည်။
- လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ ဝန်ဆောင်မှုများကိုမည်သို့အသုံးပြုကြောင်း၊ ထိရောက်မှုရှိ ၊ မရှိ တို့နှင့်စပ်လျဉ်းသည့်သတင်းအချက်များမှာ၊ လုပ်ငန်းရုံးများ၌အကန့်အသတ်သာရှိပါသည်။
- ထူပြောသောဝန်ဆောင်မှုအတွင်း ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်မချင်း လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများကို စိုးရိမ်ရသည့်အုပ်စုအဖြစ် မသတ်မှတ်နိုင်ခြင်း
- ပြည်နယ်အစိုးရက စိုးရိမ်သည့်အချက်များကို စိစစ်ဖေါ်ထုတ်ခဲ့သော်လည်း၊ ယခုအချိန်အထိ၊ ၄င်း၏အကြံပြုချက်များ၏အချို့ကို အကောင်အထည်မဖေါ်သေးပေ။
- ပြောင်းလဲနိုင်သည့်ပိုမိုတိုးတက်သောဝန်ဆောင်မှုများ ရယူရေးကို မည်ကဲ့သို့သောနည်းလမ်းဖြင့်ပို့ချရမည့် ဥပမာများရှိပါသည်။
- လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ ဝန်ဆောင်မှုများရယူရာတွင် အခက်ခဲများကြုံတွေ့နေဆဲဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော်–
    - လုပ်ငန်းရုံးများအနေဖြင့် ဘာသာစကား အရေးအဖတ် အခက်အခဲကိုတိကျစွာမဖြေရှင်းခဲ့ခြင်းနှင့် ထိရောက်သောဝန်ဆောင်မှုပို့ချပုံနည်းလမ်းကိုမစဉ်းစားခဲ့ခြင်း
    - မူဝါဒရေးရာများနှင့်သတ်မှတ်ချက်တို့ကိုအတင်းအကြပ်အသုံးပြုဆောင်ရွက်မှုက လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ ရယူရမည့်ဝန်ဆောင်မှုများကို အဟန့်အတားဖြစ်နိုင်သည်
    - လူသားချင်းစာနာထောက်ထားသောအစီအစဉ်ဖြင့်ဝင်ရောက်လာသူများ အတွက်ဝန်ဆောင်မှုများဖြန့်ချိရာတွင်၊ လုပ်ငန်းရုံးများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပြီး ဝန်ဆောင်မှုကိုရယူရန်ပိုမိုခက်ခဲစေကြောင်း

## အဓိက အကြံပြုချက်များ

လုပ်ငန်းရုံးများအနေဖြင့်–

- ဝန်ဆောင်မှု စီစဥ်ရေးနှင့်ပို့ချရေး ကိုပံ့ပိုးရန်၊ လူသားချင်းစာနာထောက်ထားသောအစီအစဥ်ဖြင့်ဝင်ရောက်လာသူများ ၏ဝန်ဆောင်မှုလိုအပ်ချက်၊ အသုံးပြုရေးနှင့်ထိရောက်မှုတို့နှင့်စပ်လျဥ်းသည့်သတင်းအချက်များကို၊ တိုးတက်ရရှိအောင်လုပ်ရမည်
- အခြားလုပ်ငန်းရုံးများနှင့်ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့်၊ လူသားချင်းစာနာထောက်ထားသောအစီအစဥ်ဖြင့်ဝင်ရောက်လာသူများအတွက် ပြည်နယ်အစိုးရ၏ ဝန်ဆောင်မှုများရယူရေးကို အထိရောက်ဆုံးနည်းလမ်းဖြင့် ပို့ချနိုင်ရေးကို ပြန်လည်သုံးသပ်ရမည်
- မည်သည့်နည်းလမ်းဖြင့်ဝန်ဆောင်မှုပို့ချလျှင် လူသားချင်းစာနာထောက်ထားသောအစီအစဥ်ဖြင့်ဝင်ရောက်လာသူများအတွက်အထိရောက်ဆုံးဖြစ်မည်ကို ဝန်ဆောင်မှုများနှင့် လုပ်ငန်းရုံးများအကြား  လေ့လာမှုများကိုတိုးမြင့်ရမည်
- လူသားချင်းစာနာထောက်ထားသောအစီအစဥ်ဖြင့်ဝင်ရောက်လာသူများ ကြုံတွေ့နေရသည့် ဘာသာစကား အရေးအဖတ် အခက်အခဲများကို ဖြေရှင်းနိုင်မည့် သင့်တော်သောနည်းဗျူဟာများ ထားရှိရမည်
- မူဝါဒများနှင့်သတ်မှတ်ချက်များ ကိုအလိုက်အထိုက်အသုံးပြုဆောင်ရွက်ခြင်းအားဖြင့် ရယူရေးနှင့်ထိရောက်ရေးတွင် တိုးတက်နိုင်သည့်ဝန်ဆောင်မှုမျိုးကို ဖေါ်ထုတ်ရမည်
- လူသားချင်းစာနာထောက်ထားသောအစီအစဥ်ဖြင့်ဝင်ရောက်လာသူများ အားပြည်နယ်အစိုးရ၏ ဝန်ဆောင်မှုများ စီစဥ်ရေးဆွဲရေးနှင့်ပို့ချရေး တို့ကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများကို၊ ပြန်လည်နေရာချထားရေးနှင့်စနစ်တကျစုစည်းရေးတို့အပါအဝင်၊ တည်ဆောက်ရမည်